**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၂၄ ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၀–၃–၂၀၁၅ ] ( အင်္ဂါနေ့ )**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့ မဲဆန္ဒနယ်၏ **သတ္တုတွင်းဝန်ကြီးဌာနသည် ရွှေတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီများနှင့် ပတ်သက်၍ အကြွေးသစ်များ ပေးသွင်းရန် ကုမ္ပဏီများ ထပ်မံတိုးလာခြင်းရှိ၊မရှိ၊ ကြွေးကျန်ကုမ္ပဏီများအပေါ် အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်သန္တာ၊ တံတားဦး မဲဆန္ဒနယ်၏ **မဲဆွယ် စည်းရုံးစဉ်ကာလများ၌ မည်သည့်ပုံစံ၊ အသုံးအနှုန်း၊ အပြုအမူ၊ ပြောဆိုမှု စသည်များကို မပြုလုပ်ရန် သတ်မှတ်ထားသည်နှင့် သတ်မှတ်ချက်များကို ကျူးလွန်ပါက မည်ကဲ့သို့ အရေးယူမည်ကို ပြည်သူများ ကြိုတင် သိရှိနိုင်ရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မဲဆွယ်စည်းရုံးခွင့်ပြုသည့် ကာလတွင် လက်ရှိလွှတ်တော်ကိုယ်စားလှယ်များနှင့် လာမည့် ရွေးကောက်ပွဲ အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းထားသူများသည် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း နှင့် မဲဆွယ်စည်းရုံးခွင့် စည်းမျဉ်းစည်းကမ်းများအား လိုက်နာရန် လို၊ မလို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးတီခွန်မြတ်၊ ကွတ်ခိုင် မဲဆန္ဒနယ်က **"ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေး ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ဦးတီခွန်မြတ်၊ ကွတ်ခိုင် မဲဆန္ဒနယ်က တင်သွင်းသည့် **"ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း၊

၉။ ဘဏ္ဍာရေးဝန်ကြီးဌာနက **"အစိုးရအောင်ဘာလေထီ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၁၀။ **"အစိုးရအောင်ဘာလေထီ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၁။ ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် **"အစိုးရအောင်ဘာလေထီ ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၂။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၅ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။